# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၄၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀-၅-၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) သူရဦးအောင်ကို၊ ကန့်ပက်လက် မဲဆန္ဒနယ်၏ **အလုပ်လက်မဲ့ မြန်မာသဘောၤသား အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးတက်စေရန် မြန်မာပင်လယ်ကူးသဘောၤသား၊ အလုပ်သမားအဖွဲ့ချုပ် (MSF) အနေဖြင့် ထိုင်ဝမ်အလုပ်သမား အဖွဲ့ချုပ်နှင့် တရားဝင်ဆက်သွယ်စာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်း မြို့နယ် အတွင်းရှိ ကမာကလုတ် ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောထွဋ်ခေါင်လွင်၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **ကျိုက်ဒိုမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၏ လစ်လပ်လျက်ရှိသော တာဝန်ခံ ဆရာဝန်နေရာ အတွက် ဆရာဝန်တစ်ဦး အမြန်စေလွှတ် တာဝန်ချထားပေးနိုင်ရန် နှင့် (၁၀)လကြာ ရောက်နှင့်နေပြီးဖြစ်သော ဓာတ်မှန်စက်အသစ်အား အမြန်ဆုံးဖွင့်ဖောက် အသုံးပြုနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ **လှိုင်ကော်မြို့နယ်တွင် တည်ရှိသော ဘီလူးချောင်းကူးတံတား (သံတံတား)နှင့် ယှဉ်တွဲ တည်ဆောက် ထားသော လူကူးတံတားငယ်အား ဖျက်သိမ်း၍ အသွားတစ်လမ်း၊ အပြန်တစ်လမ်း အသုံးပြုနိုင်ရန် သံတံတား သို့မဟုတ် သံကူကွန်ကရစ် တံတား (၂၄၀) ပေအား တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြသိန်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ဘိုကလေးမြို့နယ်တွင် လျှပ်စစ် ဓာတ်အား ပိုမိုရရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှု တည်ငြိမ်စွာ ထိန်းချုပ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူအများစုမှ နိုင်ငံတော် သမ္မတကြီးထံ လက်မှတ်ရေးထိုး ကန့်ကွက်နေကြသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆောင်ရွက် ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်(၁၇)မြို့နယ်တွင် မာန်အောင်မြို့တစ်ခုသာ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးမရရှိဘဲ (KV 550)ဓာတ်အားဖြင့် မြို့တွင်း ရပ်ကွက် (၅)ခုကို တစ်နေ့လျှင် (၆)နာရီခန့်သာ ရရှိပါသဖြင့် (၂၄)နာရီ မီးရရှိရေး မည်သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း (၅၀)ခန့်ကို လျှပ်စစ်မီး ရရှိနိုင်ရန် ဆောင်ရွက် ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်က **" ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ (The Emergency Act) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊

၁၀။ **" ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ (The Emergency Act) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၁။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။